ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၂ ၊ အမှတ် ၉ ၂၀၁၇ ခုနှစ် ၊ ဇွန် ၁ ရက်

## (၂၆) ကြိမ်မြောက် အာဆီယံ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်တက်ရောက်ခြင်း




၂၀၁၇ ခုနှစ် ၊ မေလ (၁၆) ရက်နေ့ မှ (၁၈) ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ၊ ဘာလီမြို့ ၊ Bali Nusa Dua Hotel တွင် ကျင်းပပြုလုပ်သော (၂၆) ကြိမ်မြောက် အာဆီယံအကောက်ခွန် ညွှန်ကြားရေးမှူးချုပ်များ အစည်းအဝေးသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် နှင့် ညွှန်ကြားရေးမှူး ဦးယဉ်မင်းအောင် တို့တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ အာဆီယံထိပ်သီးညီလာခံ ၊ အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး ၊ အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးတို့မှ ချမှတ်ထားသော မူဝါဒဆိုင်ရာလမ်းညွှန်ချက်များနှင့် အကောက်ခွန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်တို့ကို သက်ဆိုင်ရာအာဆီယံနိုင်ငံအသီးသီးမှ အောင်မြင်စွာအကောင်အထည်ဖော်လိုက်နာဆောင်ရွက်ရန် ရည်ရွယ်၍ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အဖွဲ့ဝင်ကိုယ်စားလှယ် (၁၁၀) ဦးတက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန် နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပခြင်း




အကောက်ခွန် နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအား ရန်ကုန်မြို့ ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ခန်းမ၌ ၂၀၁၇ ခုနှစ် ၊ မေလ (၂၃) ၇က်နေ့ နှင့် (၂၅) ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အကောက်ခွန်ဦးစီးဌာနမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှောင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကုန်တင်သွင်းခြင်း ၊ ကုန်တင်ပို့ခြင်း၊ ဖြတ်သန်းကုန်သွယ်ခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် အစိုးရဌာနများ ၊ အဖွဲ့အစည်းများ ၊ ကုမ္ပဏီများ ၊ အကောက်ခွန်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသူများ သိရှိနားလည်သဘောပေါက်စေရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

# ကုန်သေတ္တာထိန်းချုပ်ရေးစနစ် Container Control Unit (CCU) ဖွင့်ပွဲ အခမ်းအနား ကျင်းပခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာန နှင့် UNODC-WCO တို့ပူးပေါင်း၍ ကုန်သေတ္တာထိန်းချုပ်ရေးစနစ် (CCU) ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ၊ အလုံမြို့နယ် ၊ မြန်မာ့စက်မှုဆိပ်ကမ်း (MIP) တွင် ၂၀၁၇ ခုနှစ် ၊ မေလ (၃၁) ရက်နေ့ နံနက် (၉:၀၀) အချိန်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ကုန်သေတ္တာထိန်းချုပ်ရေးစနစ် Container Control Unit (CCU) ဖွင့်ပွဲအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးကြီးမျိုးဆွေ ၊ အကောက်ခွန်ဦးစီးဌာန နှင့် မူးယစ်တပ်ဖွဲ့တို့မှ သင်တန်းသားများတက်ရောက်ခဲ့ကြပြီး အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် UNODC-WCO မှ တာဝန်ရှိသူများက Container Control Unit (CCU) အား ဖဲကြိုးဖြတ်၍ အခမ်းအနားအားဖွင့်လှစ်ပေးခဲ့ပါသည်။

# WCO-UPU Customs-Post Workshop for Asia-Pacific Region ကျင်းပခြင်း



ဩစတြေးလျနိုင်ငံ ၊ Sydney မြို့၌ ၁-၅-၂၀၁၇ ရက်နေ့မှ ၅-၅-၂၀၁၇ ရက်နေ့အထိ ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO) နှင့် ကမ္ဘာ့စာတိုက်သမဂ္ဂ (Universal Postal Union-UPU) တို့ပူးပေါင်း၍ WCO-UPU Customs-Post Workshop for Asia-Pacific Region အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပြီး အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အောင်လွင် တက်ရောက်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ အာရှ-ပစိဖိတ်ဒေသရှိနိုင်ငံများ၏ စာတိုက်အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလေ့အကျင့်ကောင်းများ ခေတ်မီနည်းစနစ်များသိရှိအသုံးချနိုင်စေရန် ရည်ရွယ်၍ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အာရှ-ပစိဖိတ်ဒေသအတွင်းနိုင်ငံပေါင်း (၃၀) မှ အဖွဲ့ဝင်ကိုယ်စားလှယ် (၁၀၆) ဦးတက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၃၇၅.၇၅၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျှက်ရှိရာ မေလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၄၉၄) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၃၃၇၅.၇၅၁) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တားဆီးမှုအနေဖြင့် တားဆီးမှု (၂) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၅.၁) သန်းခန့် ရှိသည့်အနက် (၅-၅-၂၀၁၇) ရက်နေ့တွင် မလေးရှားလေကြောင်းလိုင်းဖြင့် ကွာလာလမ်ပူမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် မလေးရှားခရီးသည် ထံမှ E-LIQUID FOR ELECTRONICS CIGARETTE , C/O-Malaysia ၊ 50ml (600) Pcs and 60ml (150) Pcs ၊ Total (4) Pkgs ခန့်မှန်းတန်ဖိုးကျပ် (၁.၁) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၃၇၅.၇၅၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း






ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၁၂) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၃၁၆.၇၈၂) သန်းခန့်ရှိသည့်အနက် ၁၃-၅-၂၀၁၇ ရက်နေ့တွင် AWPT ဆိပ်ကမ်း၌ AWE Co., Ltd မှ စင်္ကာပူနိုင်ငံသို့ တင်ပို့မည့် Frozen Sea Water Fish (၆) မျိုးအား X-Ray Scanning Unit ဖြင့်ဖြတ်သန်းစဉ် သံသယဖြစ်ဖွယ် ပုံရိပ်တွေ့ရှိရသဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးရာ ပို့ကုန်ကြေငြာလွှာတွင် တင်ပြကြေငြာထားခြင်း မရှိသော ငါးခွေးလျှာ (Tongue Sole Fish) (၄) မျိုး ၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၁၇.၀၀၂) သန်းခန့် အား စစ်ဆေးတွေ့ရှိ၍တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၃၇၅.၇၅၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း













နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၄၈၀) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၃၀၅၃.၈၆၉) သန်းခန့်ရှိသည့်အနက် ၃၀-၅-၂၀၁၇ ရက်နေ့တွင် မြဝတီ မှ ရန်ကုန် သို့သွားရောက်မည့် Toyota Crown(၁) စီး၊ Toyota Alphard (၂) စီး၊ Suzuki Carry (၁) စီး၊ Nissan Elgrand (၁) စီး၊ Nissan X-Trail (၁) စီး၊ Toyota Kluger(၂) စီး၊ Nissan Wingroad (၁) စီး၊ Diahatsu Hijet (၁) စီး၊ Toyota Hiace (၁) စီး နှင့်ToyotaWish (၃)စီးတို့အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်(၁၄) စီး စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၄၆) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၃၇၅.၇၅၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု











ထူးခြားဖမ်းဆီးမှုအနေဖြင့် (၂-၅-၂၀၁၇) ရက်နေ့တွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ကျအကောက်ခွန်အဖွဲ့မှစစ်ဆေးစဉ် Myanmar Eastern Airline ဖြင့် ကူမင်းမှ မန္တလေးသို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်ထွင်းရုပ်ထု (၆) ခု နှင့် အဆိုပါရုပ်ထုများတင်ဆောင်သည့် သစ်သားခုံ (၃) ခု ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၅.၀၆) သန်းခန့်အားစစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၃၇၅.၇၅၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**




ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၁-၅-၂၀၁၇ ရက်နေ့တွင် မူဆယ် မှ မန္တလေးသို့ သွားရောက် မည့် မော်တော်ဆိုင်ကယ်အား သတင်းရရှိ၍ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ Amico ကိတ်မုန့်ထုပ်များဖြင့်ဖုံးအုပ်၍ သိုဝှက် သယ်ဆောင်လာသောဘိန်းဖြူဟု ယူဆရသည့် အဖြူရောင်အမှုန့်များထည့်ထားသော ဆပ်ပြာ ခွက်(၂၈) ခွက် (၃၀၈) ဂရမ်ခန့် နှင့် သယ်ဆောင်သည့်မော်တော်ဆိုင်ကယ် (၁)စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆.၁၅၂) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ မေလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၃၇၅.၇၅၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု





ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၀-၅-၂၀၁၇ ရက်နေ့တွင် မန္တလေး မှ မူဆယ် သို့ သွားရောက်မည့် Toyota Estima ယာဉ်အားရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ မော်တော်ယာဉ်ထိုင်ခုံအောက်၌ အံဝှက်ပြုလုပ်၍သိုဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး အရွယ်အစားမျိုးစုံ (၄၇) တုံး (630) kg နှင့် သယ်ဆောင်သည့်ယာဉ်(၁)စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၃၄) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ မေလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | ၁ မှု | ၁ မှု | ၂ မှု | ၄.၄၆၈ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၂၃ မှု | ၂၃ မှု | ၁၂၃.၅၂၇ သန်း |
| | စုစုပေါင်း | ၁ မှု | ၂၄ မှု | ၂၅ မှု | ၁၂၇.၉၉၅ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၇) ရက်နေ့ မှ (၃၁-၅-၂၀၁၇) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၄၈) မှု ၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း(၂၅၇.၅၆၁၅) သန်းခန့်အား တားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် အများပြည်သူ စားသုံးရန်မသင့်သောစားသောက်ကုန်များနှင့် ဆေးဝါးများဖျက်ဆီးခြင်း






မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း မှ သိမ်းဆည်းမိနိုထုတ်ပြန်ပြီးသည့် ကန့်သတ်ကုန်ပစ္စည်းများဖြစ်သော အရက် ၊ ဘီယာ နှင့် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများ စုစုပေါင်းခန့်မှန်းတန်ဖိုး ကျပ်သန်း (၁၃၆.၇၃၃၅) ခန့်အား (၃-၅-၂၀၁၇ ) ရက်နေ့တွင် သိမ်ဇရပ်-မုပ္ပလင်လမ်းဆုံအနီး၊ ရန်ကုန်-မော်လမြိုင် ကားလမ်းဘေးမြေကွက်လပ်တွင် ဖျက်ဆီးရေးဘုတ်အဖွဲ့ဖြင့် စနစ်တကျဖျက်ဆီးခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် အတုအပပြုလုပ်ထားသော CASIO နာရီများနှင့် အများပြည်သူ စားသုံးရန်မသင့်သည့် စားသောက်ကုန်များအားဖျက်ဆီးခြင်း





ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း မှ သိမ်းဆည်းမိန့်ထုတ်ပြန်ပြီးသည့် အတုအပပြုလုပ်ထားသော CASIO နာရီ (၁၁၀၀) လုံး ၊ အများပြည်သူ စားသုံးရန်မသင့်သည့် စားသောက်ကုန်များနှင့် ဘီယာများ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၅၁.၈၈၅) သန်းခန့်အား (၁၇-၅-၂၀၁၇) ရက်နေ့တွင် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးဝင်းအတွင်း၌ ဖျက်ဆီးရေးအဖွဲ့ဖြင့် စနစ်တကျ ဖျက်ဆီးခဲ့ကြောင်းသတင်း ရရှိသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်နှင့် စားသောက်ကုန် ပစ္စည်းများအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချခြင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လူသုံးကုန်နှင့် စားသောက်ကုန်များအား (၁၉-၅-၂၀၁၇) ရက်နေ့တွင် အိတ်ပိတ်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချခြင်းကို ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးရဲထွဋ်အောင်မှ ဥက္ကဋ္ဌ အဖြစ် ပါဝင်သောတင်ဒါရောင်းချရေးအဖွဲ့ဖြင့် တင်ဒါအုပ်စု (၃) စုအား ဈေးပြိုင်တင်ဒါရောင်းချခဲ့ရာ စုစုပေါင်းကျပ် (၂၄.၅၄) သန်းရရှိခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့်ရောက်ပစ္စည်းများအား လေလံတင်ရောင်းချခြင်း



တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းရမိသော ပြည်သူ့ဘဏ္ဍာသိမ်း ထုခွဲအဆင့်ရောက် ပစ္စည်းများအား (၁၂-၅-၂၀၁၇) ရက်နေ့ ၊ နံနက် (၁၀:၀၀) နာရီအချိန်တွင် တာချီလိတ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ဒုတိယညွှန်ကြားရေးမှူး ဦးမြဝင်းမှ ဥက္ကဌ အဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၃) စု အား လေလံတင်ရောင်းချခဲ့ရာ စုစုပေါင်း ကျပ် (၂.၅) သန်းရရှိခဲ့ပါသည်။


# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Swivel Seats များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် HS Code မှာ 9401.30.00 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။





Hard Disk Drives များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8471.70.20 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြား ခဲ့ပါသည်။




Biscuits များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 1905.31.10 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




Diesel များ တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 2710.19.71 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ အထူးကုန်စည်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြား ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Toyota Light Truck များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8704.21.19 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။






Stand Alone Heat Detector (Voice Alarm) များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8531.10.90 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Teak Conversion များ၏ HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 4407.29.69 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



Linoleum များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 5904.10.00 ဖြစ်ပြီး အကောက်ခွန် 7.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။